British Chamber of Commerce Myanmar

သတင်းထုတ်ပြန်ချက်
၂၀၁၆ အောက်တိုဘာ ၁၄

**ဗြိတိသျှကုန်သည်ကြီးများအသင်း-မြန်မာ**
**ကျွမ်းကျင်ပညာရှင်အမျိုးသမီးများကွန်ရက်**

ကမ္ဘောဇကုမ္ပဏီအုပ်စုမှ ကူညီပံ့ပိုးမှုဖြင့် ဗြိတိသျှကုန်သည်ကြီးများအသင်း၏ ကျွမ်းကျင်ပညာရှင် အမျိုးသမီးများကွန်ရက် Professional Women's Network – PWN သည် ယခုသီတင်းပတ်၌ စီစဉ်ထားသောပွဲများနှင့် နီးနောဖလှယ်ပွဲများထဲမှ ပထမဆုံးတစ်ပွဲကို စတင်ကျင်းပခဲ့ပြီး ရည်ရွယ်ချက်မှာ လုပ်ငန်းခွင်တွင် အကြီးတန်းအဆင့် ဦးဆောင်သူများ၏ ဖွံ့ဖြိုးရေးနှင့် အသိပညာဖလှယ်မှု ပြုလုပ်ရန်ဖြစ်သည်။
ပထမဆုံးပွဲမှာ မိမိကိုယ်ရည်ကိုယ်သွေးကို ဖော်ထုတ်သည့် အတတ်ပညာ အကြောင်းအရာကို နံနက်ပိုင်း ပြုလုပ်သည့် ဟောပြောပွဲဖြစ်ပြီး အကြီးတန်းအဆင့် ဦးဆောင်သူ ၆၀ ကျော် တက်ရောက်ခဲ့သည်။ ထို့နောက် တက်ရောက်လာသူ ၂၅ ဦးအတွက် အလုပ်အကိုင်တိုးတက်မှု လမ်းကြောင်းကို ပုံကိုင်ခြင်းဆိုင်ရာ လက်တွေ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ဆက်လက်ပြုလုပ်သည်။
အဆိုပါပွဲ နှစ်ပွဲစလုံးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး အကြီးတန်းဦးဆောင်သူများအား အယူအဆဖလှယ်ခြင်း၊ အသိပညာများမျှဝေခြင်း၊ လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချနိုင်သည့် အခြေခံကျသော ဆောင်ရွက်ချက်များပါဝင်သည့် ဆွေးနွေးဟောပြောပွဲ နှင့် အလုပ်ရုံဆွေးနွေးပွဲကို ယဉ်ကျေးမှုအမျိုးမျိုးကြား ဦးဆောင်မှုနှင့် အလုပ်အကိုင် ကူးပြောင်းမှုဆိုင်ရာ ကျွမ်းကျင်သူ (Jane Horan) ဂျိန်းဟိုရန်က ဦးဆောင်ဟောပြောခဲ့သည်။
ဂျိန်းသည် နိုင်ငံတကာက အသိအမှတ်ပြုထားသည့် ဟောပြောသူတစ်ဦးဖြစ်ကာ အဖွဲ့အစည်းများက ကမ္ဘာတစ်ဝန်း လုပ်ငန်းခွင်နေရာများ တည်ဆောက်ရာတွင် ကူညီခဲ့ပြီး အလုပ်အကိုင် ကူးပြောင်းမှုများ၌ လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့်အတူ ဆောင်ရွက်မှုများတွင် နာမည်ကောင်း ရရှိထားသည်။ ရောင်းအားအကောင်းဆုံးစာအုပ်များ ရေးသားသည့် စာရေးဆရာနှင့် အကြံပေးသူတစ်ဦးဖြစ်သည့် ဂျိန်းသည် အဖွဲ့အစည်းများနှင့် အစွမ်းအစရှိသော ကျွမ်းကျင်ပညာရှင်များအား စွမ်းအားပြည့် ဆောင်ရွက်နိုင်ရန် အကြံကောင်းများနှင့် လက်တွေ့အသုံးချနိုင်သော အသံသွင်းပစ္စည်းများ ပေးအပ်လျက်ရှိသည်။
ကျွမ်းကျင်ပညာရှင် အမျိုးသမီးများကွန်ရက် PWN သည် အကြီးတန်းအဆင့် ဦးဆောင်သူများအတွက်

- ထိရောက်၍ အထောက်အကူဖြစ်စေသော အဆင့်တူ စီးပွားရေးလုပ်ငန်းကွန်ရက် ထူထောင်ခြင်း၊
- ပညာရှင်အဆင့် ကျွမ်းကျင်မှုနှင့် မိမိကိုယ်ရည်ကိုယ်သွေး တိုးတက်မှုရှိရေးနှင့် တွေးခေါ်ကြံဆမှု၊
- အသိပညာ ဗဟုသုတနှင့် အတွေ့အကြုံများ မျှဝေပေးနိုင်မှု စသည့် ရည်ရွယ်ချက်များဖြင့် မြန်မာ့စီးပွားရေးလုပ်ငန်း အသိုင်းအဝိုင်းရှိ အမျိုးသမီးများ၏ သဘောထားထုတ်ဖော်မှုအတွက် နေရာတစ်ခု ဖော်ထုတ်ပေးထားသည်။

စီးပွားရေးလုပ်ငန်းဆိုင်ရာ ပုံမှန်တွေ့ဆုံပွဲများ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် အလုပ်လုပ်နေသော အမျိုးသမီးများအတွက် အခြားနယ်ပယ်အသီးသီးမှ အသိပညာရှင် အတတ်ပညာရှင်များ၏ ပြောကြားချက်ကို နားထောင်နိုင်သည့် အခွင့်အရေးလည်း ရရှိမည်ဖြစ်သည်။

**ကျွမ်းကျင်ပညာရှင် အမျိုးသမီးများကွန်ရက်၊ ဥက္ကဋ္ဌနှင့် ဗြိတိသျှကုန်သည်ကြီးများအသင်း၊ ဒုတိယဥက္ကဋ္ဌ မစွကာက်သရင်း စမစ်၏ ပြောကြားချက်**

"ကျွမ်းကျင်ပညာရှင် အမျိုးသမီးများကွန်ရက်PWN ဟာ မြန်မာနိုင်ငံမှာရှိတဲ့ အကြီးတန်းအဆင့် အမျိုးသမီး စီးပွားရေးလုပ်ငန်း ဦးဆောင်သူတွေကို ရည်ရွယ်တဲ့ မြန်မာနိုင်ငံရဲ့ ပထမဆုံးကွန်ရက် ဖြစ်ပါတယ်။ ကွန်ရက်မှာ များပြားလှတဲ့ ကဏ္ဍတွေထဲက အတွေ့အကြုံ ကျယ်ပြန့်ကြွယ်ဝပြီး အကောင်းဆုံး လက်တွေ့ဆောင်ရွက်မှုနဲ့အတူ အကြီးတန်းအဆင့် ကျွမ်းကျင်ပညာရှင် ပါဝင်တဲ့ အသိုင်းအဝိုင်းကွန်ရက်တစ်ခု အဖြစ် ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။ ဗြိတိသျှကုန်သည်ကြီးအသင်းဟာ မြန်မာနိုင်ငံမှာ ကျွမ်းကျင်ပညာရှင် ဖွံ့ဖြိုးရေးကို ဆောင်ရွက်နေတဲ့နေရာမှ အဓိကနေရာတွင် စနစ်တကျ ကူပံ့ပိုးပေးလျှက်ရှိပါတယ်။

**ပွဲတက်သည့် အကြီးတန်း ဦးဆောင်သူတစ်ဦး၏ ပြောကြားချက်**

"ဒီပွဲတွေက တကယ့်ကို စိတ်ဝင်စားစရာကောင်းပြီး ကျွန်မအတွက်လည်း တခြားအဖွဲ့အစည်းက စီးပွားရေးလုပ်ငန်း အကြီးတန်း ဦးဆောင်သူတွေနဲ့ ဆက်သွယ်လို့ ရပါတယ်။ ဒီကွန်ရက်ကနေ အတွေ့အကြုံတွေ၊ အသိပညာတွေ ရပါတယ်။ နောက်ပြီးတော့ ကျွန်မရဲ့နေ့စဉ်လုပ်ငန်းမှာ အကောင်အထည်ဖော်ဖို့အတွက်လည်း လက်တွေ့အသုံးဝင်တဲ့ နည်းစနစ်များလည်း ပါဝင်တဲ့အတွက် အလွန်အကျိုးရှိပါတယ်။"

**အယ်ဒီတာများအတွက်**

**ဗြိတိသျှကုန်သည်ကြီးများအသင်း-မြန်မာ**

ဗြိတိသျှကုန်သည်ကြီးများအသင်းတွင် အဖွဲ့ဝင်ကုမ္ပဏီပေါင်း ၂၀၀ ကျော်ရှိရာ မြန်မာ၊ ဗြိတိသျှ၊ အာဆီယံနှင့် ဥရောပတို့မှ ဦးဆောင်စီးပွားရေးလုပ်ငန်းများ ပါဝင်သည်။

အသင်းကြီးသည် စီးပွားရေးလုပ်ငန်းအသိုင်းအဝိုင်းအတွက် အခွင့်အလမ်းများကို ပုံမှန်ကွန်ရက်
ချိတ်ပေးခြင်း၊ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ကိုင်မှုဆိုင်ရာ နောက်ဆုံးရနှင့် သက်ဆိုင်ရာ သတင်းအလက်များ ပေးခြင်း၊ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်း ထူထောင်ရာ၌ စိန်ခေါ်မှုများ ရင်ဆိုင်နေရသည့် ဈေးကွက်ဝင်ရောက်သူများအား အကြံပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အသင်းကြီးသည် မြန်မာနိုင်ငံတွင် ဗြိတိသျှကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးလျက်ရှိပြီး မြန်မာနှင့် ယူကေကုမ္ပဏီများအတွက် အခွင့်အလမ်းများကို မြှင့်တင်ပေးလျက်ရှိသည်။ ထို့ပြင် ယူကေကုမ္ပဏီများအတွက် ဈေးကွက်ဝင်ရောက်ရေး ဝန်ဆောင်မှုများစွာကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

အဖွဲ့ဝင်ဖြစ်ရေးနှင့် ပတ်သက်သည့် နောက်ထပ် အသေးစိတ် အချက်အလက်များကို အသင်း၏ ဝက်ဘ်ဆိုက် www.britishchambermyanmar.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျွမ်းကျင်ပညာရှင်အမျိုးသမီးများကွန်ရက်**

ယင်းကွန်ရက်ကို ဗြိတိသျှသံရုံး၏ ရှေ့ဆောင်ရှေ့ရွက် အစီအစဉ်တစ်ခုအဖြစ် ၂၀၁၄ မတ်လက စတင်ဖွဲ့စည်းခဲ့သည်။

သို့သော်လည်း ၂၀၁၆ ဇွန်လတွင် ပြန်လည်အစပျိုးခဲ့ရာ ယင်းကွန်ရက်သည် အကြီးတန်းအဆင့် အမျိုးသမီးအမှုဆောင်များ၊ အမျိုးသမီး အကြီးတန်း စီမံခန့်ခွဲရေးနှင့် အမျိုးသမီး အမှုဆောင်ချုပ်နှင့် အမျိုးသမီး စီမံအုပ်ချုပ်မှု ဒါရိုက်တာများအတွက် ရည်ရွယ်သော မြန်မာနိုင်ငံ၏ ပထမဆုံး အမျိုးသမီးကွန်ရက် ဖြစ်သည်။

ယင်းကွန်ရက်၏ အဓိကရည်ရွယ်ချက်မှာ ထိရောက်၍ ထောက်ကူပေးနိုင်သော စီးပွားရေးလုပ်ငန်းကွန်ရက် တစ်ခုတည်ဆောက်ရန်၊ ကျွမ်းကျင်ပညာဖြင့် အသက်မွေးနိုင်သော အရည်အချင်းရှိရန်နှင့် တစ်ဦးချင်းအလိုက် တိုးတက်မှုရှိစေရန်တို့အပြင် အယူအဆ၊ အသိပညာနှင့် အတွေ့အကြုံတို့ ဖလှယ်ရန်ဖြစ်သည်။ ကွန်ရက်တွင် အကြီးတန်းအဆင့် ကိုယ်စားလှယ် ၈၀ ကျော် ရှိသည်။

ဗြိတိသျှကုန်သည်ကြီးများအသင်း-မြန်မာ
လေးလွှာ၊ အမှတ် ၁၉၂၊ ဗိုလ်မြတ်ထွန်းလမ်း(အလယ်ဘလောက်)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်
နောက်ထပ်သတင်းအချက်အလက်များအတွက် : chloe@britishchambermyanmar.com
သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။